# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော သိဒ္ဓိထွန်းအမှတ်တံဆိပ် အမျိုးသားအားဆေး၊ ဂုဏ်မာန်တစ်ထောင်အမှတ်တံဆိပ် သက်စောင့်အားတိုးဆေးနှင့် ဆောင်တော်ကူးအမှတ်တံဆိပ် အမျိုးသားအကြောအားတိုးဆေးတို့သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | သိဒ္ဓိထွန်း | အမျိုးသားအားဆေး | ဆေးမှုန့် | ဇီဝသိဒ္ဓိတိုင်းရင်းဆေးတိုက် အမှတ်၆၂၊ ၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | Tadalafil |
| ၂။ | ဂုဏ်မာန်တစ်ထောင် | သက်စောင့်အားတိုးဆေး | ဆေးမှုန့် | သမားဒေဝါဆေးတိုက် အမှတ်၁၆၅၊ ပထမထပ်၊ ဗညာဒလလမ်းမကြီး၊ ၁၁၉ စတိုးနှင့် မျက်နှာချင်းဆိုင်၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | Sildenafil |
| ၃။ | ဆောင်တော်ကူး | အမျိုးသားအကြောအားတိုးဆေး | ဆေးမှုန့် | အမှတ်ဂ၆၈၊သပြေလမ်း၊ (၈) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | Sildenafil |




**Sildenafil ရောနှောသည့် ဆေးထုပ်နမူနာများ**

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန